## ဗိုလ်ခင်ညွန့် ဗီဒီယိုခွေနှင့်ပတ်သက်၍

## ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်

## (၃ - ၁၂ - ၂၀၁၀)

ဗိုလ်ခင်ညွန့်ဗီဒီယိုခွေထွက်လာတော့ ကိုယ့်အမြင်ကိုယ်ပြောကြတာတွေ တွေ့ရ၊ ကြားရပါတယ်။ ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း ကိုယ့်အမြင်၊ ကိုယ့်စဉ်းစားချက်ကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ တွက်ဆမိတာက သုံးချက်ပါ။

<u>ပထမတွက်ဆချက်</u> - မာရှယ်လောနဲ့အုပ်ချုပ်ခဲ့တဲ့ ကာလတွေတုန်းကသုံးခဲ့တဲ့ ထောက်လှမ်းရေးစနစ်ကို “၂၀၀၈ အခြေခံဥပဒေ” အရတည်ရှိမယ့် “အရွေးကောက်ခံလွှတ်တော်” မှာ ဆက်အသုံးပြုလို့ မဖြစ်ပါဘူး။ နောက်ကွယ်မှာ ရှိနေမယ့် စစ်အာဏာရှင်ယန္တရားကြီးကို ပိုမိုပိပိရိရိဖုံးကွယ်ထားနိုင်အောင် လုပ်ရပါလိမ့်မယ်။ စစ်ဘက်နဲ့နယ်ဘက် ထောက်လှမ်းရေးစနစ်တွေကို အိမ်ခွဲပေးဖို့ လိုပါတယ်။ ဗိုလ်မှူးကြီး (ဟောင်း) ဘဟိန်းကို အကြံပေးအဖြစ် ပြန်သုံးသလို ဗိုလ်ခင်ညွန့်ကို ပြန်သုံးဖို့စဉ်းစားတဲ့အတွက် <u>အိမ်နေရာပြောင်းပေးတာ</u> ဖြစ်နိုင်ပါတယ်။ အကြံပေးဆိုတော့ သူ့ကို (လိုအပ်သလောက်) အတွင်းပိုင်းအစီရင်ခံစာ “စာတွဲတွေ” ကို ပေးဖတ်ရမှာ ဖြစ်ပါတယ်။ သူ့အိမ်ဟောင်းမှာ ဆက်နေစေရင် သူ့အဆက်အသွယ်တွေနဲ့ ဆက်မိနေမှာစိုးလို့ စိတ်ချရတဲ့နေရာတခုကို ပြောင်းရွှေ့နေထိုင်စေတာ ဖြစ်တယ်။

<u>ဒုတိယတွက်ဆချက်</u> - ဗိုလ်ခင်ညွန့် စတင်ဖန်တီးခဲ့တဲ့ “ငြိမ်းအဖွဲ့” ဆိုတာတွေရဲ့ကိစ္စပါ။ ဒီပြဿနာကြီးဦးခေါင်းကို ဗိုလ်ခင်ညွန့်လက်ထဲ ပြန်ထိုးထည့်ချင်နေတယ်လို့ ယူဆစရာရှိနေပါတယ်။ မင်းလုပ်ခဲ့တဲ့အမှိုက်ထုပ် မင်းပြန်ရှင်းပေရော့လို့ လုပ်ချင်သလားမသိပါ။ တချိန်က ဗကပ ကို ဖြိုခွဲဖို့ ဗိုလ်ခင်ညွန့်က(ဗိုလ်အောင်ကြီးနဲ့လက်တွဲပြီး) လုပ်တန်းက “ဂျိုကာ” အခန်းက ပါခဲ့တဲ့ ဖုန်ကြားဆင်းဟာ အခုတော့ နအဖ ရဲ့ရန်ဘက်ဖြစ်သွားပြီ မဟုတ်ပါလား။ ဒ့ါအပြင် ကျန်တဲ့လူတွေကလည်း နအဖ နဲ့ ရန်ဘက်နီးနီး ဖြစ်ကုန်ကြပါပြီ။ တချို့အဖွဲ့တွေနဲ့ဆိုရင် စစ်တောင် ပြန်တိုက်နေရတဲ့ အခြေအနေကို ရောက်နေပါတယ်။ လက်ရှိအနေအထားမှာစာရင်းချုပ်လိုက်ရင် သူတို့လက်ထဲမှာ နိုင်ငံရေးအရ ဘာမှတန်ဖိုးမရှိတော့တဲ့ အဖွဲ့နဲ့လူတချို့ပဲ ကျန်ခဲ့သလိုလို ဖြစ်နေပါတယ်။ ဒါကြောင့် ဒီအဖွဲ့အစည်းနဲ့ ဒီလူတွေကို “ကိုယ့်ခြံထဲပြန်သွင်းဖို့” ဗိုလ်ခင်ညွန့်ကို အကူအညီတောင်းတာ ဖြစ်နိုင်ပါတယ်။

<u>တတိယတွက်ဆချက်</u> - ရွေးကောက်ပွဲအမီ ပေါ်ထွက်ခဲ့တဲ့ “တတိယလမ်းကြောင်းသမား” တွေဟာ ရွေးကောက်ပွဲကို ဖြတ်သန်းပြီးတဲ့နောက် ကိုယ့်ရွေးခြယ်မှုကိုယ်သံသယတွေဝင်လာတာ တွေ့နေရပါတယ်။ ရှေ့ဆက်လှမ်းရေးအတွက် တွေဝေနေကြပါပြီ။

ဒီနေ့ ဗမာနိုင်ငံရဲ့နိုင်ငံရေးမှာ တတိယလမ်းဆိုတာ မရှိနိုင်ကြောင်း၊ ဒါဟာ စိတ်ကူးယဉ်သက်သက်သာဖြစ်ကြောင်း လက်တွေ့က ပြသလိုက်တဲ့အတွက် “တတိယလမ်းကြောင်းအတွေးအခေါ်” နဲ့ အဲဒီလှုပ်ရှားမှုကို ဖော်ထုတ်ခဲ့တဲ့ ဗိုလ်ခင်ညွန့်ကို ပြန်ပြီးအသုံးလိုလို့ ထုတ်သုံးတာလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ မှန်တာပြောရရင် တွက်ဆချက်ဆိုတာဟာ တွက်ဆချက်သက်သက်ပါပဲ။ မုချအမှန်လို့ မပြောနိုင်ပါဘူး။ စောင့်ကြည့်ဖို့ လိုပါတယ်။ ကြာကြာစောင့်ရမယ်တော့ မထင်ပါဘူး။ လက်တွေ့လုပ်ငန်းတွေက ဖော်ပြပါလိမ့်မယ်။ ဗိုလ်ခင်ညွန့်ဟာ အခွင့်အရေးကို ယူတတ်သူပါ။ နအဖ နိုင်ငံရေးအရ အကျပ်အတည်းတွေ့နေတယ်ဆိုတာကို သူလည်း သိပါတယ်။